SECURITIES AND EXCHANGE COMMISSION
The Republic of the Union of Myanmar
SECM

# နှစ်ပတ်လည်အစီရင်ခံစာ

## ၂၀၁၈

မာတိကာ

နှစ်ပတ်လည်အစီရင်ခံစာ ........................................................ ၂

ဥက္ကဋ္ဌ၏ သဝဏ်လွှာ ........................................................ ၃

အစီရင်ခံစာ၏ရည်ရွယ်ချက် ........................................................ ၅

၁။ နောက်ခံသမိုင်း ........................................................ ၆

၂။ မျှော်မှန်းချက်၊ ရည်မှန်းချက်နှင့် တာဝန်ဝတ္တရားများ ........................................................ ၈

၃။ အရင်းအနှီးဈေးကွက် ဖွံ့စည်းပုံ ........................................................ ၁၁

ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ........................................................ ၁၄

၁။ အုပ်ချုပ်မှုပုံစံ ........................................................ ၁၅

၂။ ကော်မရှင်အဖွဲ့ဝင်များ ........................................................ ၁၆

၃။ ကျင့်ဝတ်များ ........................................................ ၁၈

လုပ်ငန်းဆောင်ရွက်မှုများ ........................................................ ၁၉

၁။ မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက် စည်းမျဉ်းစည်းကမ်းထိန်းကျောင်းမှုမူဘောင် မြှင့်တင်ဆောင်ရွက်ခြင်း. ၂၁

၂။ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီလိုက်နာစေရန်ဆောင်ရွက်ခြင်း

ဈေးကွက်ကြီးကြပ်ကွပ်ကဲခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းဌာန ........................................................ ၂၃

၃။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများ ........................................................ ၂၅

အစီရင်ခံခြင်း ........................................................ ၂၉

၁။ လေ့လာမှုနယ်ပယ်နှင့် ဆောင်ရွက်မှုနည်းလမ်း ........................................................ ၂၉

၂။ ရသုံးခန့်မှန်းခြေငွေစာရင်း ........................................................ ၂၉

၃။ ဈေးကွက် ........................................................ ၃၀

၄။ လူ့စွမ်းအားအရင်းအမြစ် ........................................................ ၃၀

# နှစ်ပတ်လည်အစီရင်ခံစာ

ဤအစီရင်ခံစာသည် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်မှ ပထမဦးဆုံးအကြိမ် ထုတ်ပြန်သော အစီရင်ခံစာဖြစ်ပြီး အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကပါဝင်သူများဖြစ်သည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၊ အများနှင့်သက်ဆိုင်သောကုမ္ပဏီများနှင့် စီးပွားရေး အလားအလာအပေါ် ယုံကြည်မှုရှိသည့် ရင်းနှီးမြှုပ်နှံသူများအား ဤကော်မရှင်က တာဝန်ယူဆောင်ရွက်မှုများကို သိရှိစေရန် ရည်ရွယ်ပါသည်။

ဤအစီရင်ခံစာတွင် ၂၀၁၄ ခုနှစ် ကော်မရှင် စတင်တည်ထောင်ချိန်မှ ၂၀၁၈ ခုနှစ် နှစ်ကုန်အထိ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းဆောင်ရွက်ချက်များအား ကိန်းဂဏန်းနှင့် သတင်းအချက်အလက်များဖြင့် ဖော်ပြထားပါသည်။

သတင်းအချက်အလက်များသည် ၂၀၁၈ ခုနှစ် နှစ်ကုန်အထိပါဝင်ပြီး ကိန်းဂဏန်းအချက်အလက်များသည် ၂၀၁၈ ခုနှစ် စက်တင်ဘာလအထိ ပါဝင်ပါသည်။ သို့ရာတွင် ယင်းကိန်းဂဏန်း အချက်အလက်များအနက် ၂၀၁၈ ဘဏ္ဍာရေးနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ကိန်းဂဏန်းများသည် စာရင်းစစ်ဆေးခြင်း မပြုရသေးပါ။

ဤအစီရင်ခံစာကို ဘက်ပေါင်းစုံမှ ထည့်သွင်းစဉ်းစား၍ ပြုစုခဲ့ပါသည်။

- ကော်မရှင်သည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရာတွင် "မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း" ကို မှီငြမ်းကိုးကားထားပါသည်။ ဤအစီရင်ခံစာတွင် ဖော်ပြပါ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၏ မဟာဗျူဟာ ၁.၄၊ ၁.၅၊ ၂.၅၊ ၃.၃၊ ၃.၄ နှင့် ၃.၅ တို့အတွက် ကော်မရှင်၏ အကောင်အထည်ဖော်ဆောင်ရွက်ချက်များအဖြစ် တွေ့မြင်နိုင်ပါသည်။
- ဤအစီရင်ခံစာတွင် ဘဏ္ဍာရေးနှင့်မသက်ဆိုင်သော အချက်အလက်များအား နိုင်ငံတကာအစီရင်ခံစာ ရေးသားနည်းစံနှုန်းများ (GRI)[1] နှင့်အညီ ရေးသားတင်ပြထားပါသည်။

မြန်မာနိုင်ငံ၌ စီးပွားရေးအကြံပေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် Yever ကုမ္ပဏီက ဤအစီရင်ခံစာ ပြုစုရေးသားရာတွင် အခမဲ့ ကူညီပံ့ပိုးခဲ့ပါသည်။ အစီရင်ခံစာအား ကော်မရှင်အဖွဲ့ဝင်များက (၁၇-၅-၂၀၁၉ )ရက်နေ့တွင် အတည်ပြုခဲ့ပါသည်။

ဤအစီရင်ခံစာနှင့်စပ်လျဉ်း၍ အကြံပြုချက်များရှိပါက ကော်မရှင်အီးမေးလ် ho@secm.gov.mm သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။

[1] GRI Standards များအား ဖော်ပြပါ link တွင် download ရယူနိုင်ပါသည်။ https://www.globalreporting.org/standards/

# ဥက္ကဋ္ဌ၏ သဝဏ်လွှာ



အရင်းအနှီးဈေးကွက်များသည် နိုင်ငံတိုင်း၏ စီးပွားရေးခိုင်မာတောင့်တင်းရေးတွင် အရေးပါသည့် အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ ကော်မရှင်၏ အခန်းကဏ္ဍသည် မြန်မာနိုင်ငံ၌ ခိုင်မာ၍စနစ်ကျသော အရင်းအနှီးဈေးကွက် တည်ထောင်ရာတွင် အဓိကကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ကော်မရှင်၏ မူလတာဝန်မှာ စည်းမျဉ်းစည်းကမ်းထိန်းကျောင်းသူအနေဖြင့် ဈေးကွက်တွင် ပါဝင်ပတ်သက်သူအားလုံး၏ ရရန်ပိုင်ခွင့်များကို ဖန်တီးပေးခြင်း၊ တိုးပွားစေခြင်းနှင့် ကာကွယ်စောင့်ရှောက်ပေးခြင်းတို့ဖြင့် အများပြည်သူ၏ ယုံကြည်မှု တည်ဆောက်ရန် ဖြစ်ပါသည်။

ကော်မရှင်သည် သက်တမ်းနုနယ်သော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ရည်မှန်းချက်ပန်းတိုင်ရောက်ရှိရေးအတွက် ဆက်လက်ဆောင်ရွက်ရန် များစွာရှိနေပါသည်။ မြန်မာနိုင်ငံတွင် အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်မှု၊ အရေးပါမှုနှင့် လိုအပ်မှုတို့အပေါ်တွင်လည်းကောင်း၊ အများနှင့်သက်ဆိုင်သော ကုမ္ပဏီများအတွက် ဝန်ထုပ်ဝန်ပိုးသစ်များဖြစ်စေသည့် ဖွင့်ဟထုတ်ဖော်မှုအရည်အသွေး သတ်မှတ်ချက်များအပေါ် မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံသူများက အလေးမမူခြင်းသည်လည်းကောင်း၊ အရင်းအနှီးဈေးကွက်သည် မြန်မာနိုင်ငံအတွက် အလွန်ပင်စောလွန်းနေသေးသည်ဟု ထင်မြင်ယူဆခြင်းသည်လည်းကောင်း အငြင်းပွားဖွယ်ရာများ ဖြစ်နေပါသည်။

အခြားတစ်ဖက်တွင်လည်း ယခုအချိန်သည် အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရန် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် အချိန်ဖြစ်ကြောင်း ယူဆပါသည်။ ၂၀၁၈ခုနှစ်သည် မြန်မာနိုင်ငံ၏ ကုမ္ပဏီလောကအတွက် အခရာကျသော နှစ်တစ်နှစ်ဟု ဆိုရပေမည်။ ဥပဒေရှုထောင့်မှကြည့်လျှင် မြန်မာနိုင်ငံကုမ္ပဏီဥပဒေသစ်ကို ပြဋ္ဌာန်းခြင်းသည် နိုင်ငံ့စီးပွားရေးတွင် အပြောင်းအလဲ တစ်ခုဖြစ်လာစေပြီး နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများသည် မြန်မာကုမ္ပဏီများတွင် တိုက်ရိုက်ရင်းနှီးမြှုပ်နှံလာနိုင်မည့် အခွင့်အလမ်းသစ်များ ရရှိလာမည်ဖြစ်ပါသည်။

အဆိုပါအခွင့်အလမ်းများသည် မြန်မာကုမ္ပဏီများ၏ ဖွင့်ဟထုတ်ဖော်မှုများနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အလေ့အကျင့်ကောင်းများ အဆင့်မြှင့်တင်ရာတွင် အထောက်အကူဖြစ်စေပါသည်။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) အရ နိုင်ငံတော်အစိုးရသည် ၎င်း၏လမ်းပြမြေပုံကို ၂၀၃၀ ပြည့်နှစ်အထိ ရေးဆွဲထားပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများအပေါ် ဖြေလျှော့ပေးခြင်း၊ ပုဂ္ဂလိကများသို့ လွှဲပြောင်းပေးခြင်းနှင့် ခေတ်နှင့်လျော်ညီအောင်ဆောင်ရွက်ခြင်းတို့သည် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်မှုနှင့် အရင်းအနှီးများ ထိရောက်စွာ ခွဲဝေချထားမှုအပေါ် တည်မှီနေပါသည်။

ကော်မရှင်သည် အစိုးရအဖွဲ့အစည်းတစ်ရပ်အနေဖြင့် ပိုမိုထိရောက်သော စွမ်းဆောင်မှုရှိစေရန်အတွက် လက်ရှိဆောင်ရွက်နေသည့် နည်းလမ်းများကို လိုအပ်သလိုပြင်ဆင်ပြောင်းလဲ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အရင်းအနှီးဈေးကွက် စည်းမျဉ်းစည်းကမ်း ထိန်းကျောင်းသူအနေဖြင့် ကော်မရှင်သည် ဈေးကွက်ကို ကြီးကြပ်ခြင်း၊ စည်းမျဉ်းစည်းကမ်းများအရ ထိန်းကျောင်းခြင်း၊ တည်ဆဲဥပဒေများနှင့် ကိုက်ညီမှုမရှိသည်များကို အရေးယူခြင်းတို့ဆောင်ရွက်ရန် လိုအပ်ပါသည်။

ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် လက်ရှိဈေးကွက်အတွင်းရှိ လုပ်ငန်းဆောင်ရွက်ချက်မှုများကို ပိုမိုနားလည်စေရန် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံနှင့်ကိုက်ညီမှုရှိသည့် အလေ့အကျင့်ကောင်းများ ဆောင်ရွက်နိုင်ရန် ပံ့ပိုးကူညီနိုင်မည် ဖြစ်ပါသည်။

အဆိုပါအလားအလာကောင်းများကြောင့် ကော်မရှင်၏ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါသည်။ ဈေးကွက်တွင် ပါဝင်သူအသီးသီး၏ ယုံကြည်မှု တည်ဆောက်နိုင်ရန်အတွက် ပထမဆုံးအကြိမ် နှစ်ပတ်လည်အစီရင်ခံစာကို ထုတ်ပြန်ရန် အချိန်အခါဖြစ်သည်ဟု ယူဆပါသည်။ ဤအစီရင်ခံစာသည် လိုအပ်ချက်များ ရှိနိုင်သော်လည်း ကော်မရှင်၏ တာဝန်ခံမှု၊ တာဝန်ယူမှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို သိရှိစေရန်ရည်ရွယ်၍ ထုတ်ပြန်ခြင်းဖြစ်ပါသည်။ ကော်မရှင်သည် မြန်မာကုမ္ပဏီများ ပိုမိုပွင့်လင်းမြင်သာမှုရှိစေရန် အားပေးဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းဖြစ်သည့် အားလျော်စွာ မိမိတို့၏ဆောင်ရွက်ချက်များကို ထင်ဟပ်ပေါ်လွင်စေရန် ထုတ်ပြန်ခြင်းဖြစ်ပါသည်။

ဤအစီရင်ခံစာကို ဖတ်ရှုခြင်းအားဖြင့် ၂၀၁၄ ခုနှစ်မှ စတင်တည်ထောင်ခဲ့သော ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် အောင်မြင်မှုများအပေါ် ပိုမိုသဘောပေါက် နားလည်လာမည်ဟု ယုံကြည်ပါသည်။ ထင်မြင်ယူဆချက်များနှင့် အကြံပြုချက်များကိုလည်း ကြိုဆိုပါကြောင်းနှင့် ယင်းထင်မြင်ယူဆချက်များနှင့် အကြံပြုချက်များကြောင့် ရှေ့လာမည့်အစီရင်ခံစာများတွင် ပိုမိုပွင့်လင်းမြင်သာမှု ရှိစေမည်ဖြစ်ပါသည်။ ကော်မရှင်၏ရည်မှန်းချက်များ အောင်မြင်စေရန် ဆောင်ရွက်ပေးခဲ့ကြသည့် သက်ဆိုင်သူများ အထူးသဖြင့် ကော်မရှင်အဖွဲ့ဝင်များ၊ အရာထမ်း၊ အမှုထမ်းများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ဤအစီရင်ခံစာဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီပေးခဲ့သော Yever ကုမ္ပဏီမှ တာဝန်ရှိသူများအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါသည်။

ဦးမောင်မောင်ဝင်း

ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ဥက္ကဋ္ဌ၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်

# အစီရင်ခံစာ၏ရည်ရွယ်ချက်

မြန်မာနိုင်ငံ၏ ငွေချေးသက်သေခံလက်မှတ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရန် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လတွင် ပြဋ္ဌာန်းခဲ့ပြီး အဆိုပါ ဥပဒေအရ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လတွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ ထိုအချိန်မှစ၍ ကော်မရှင်သည် မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက် ဖွဲ့စည်းတည်ထောင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အဆင့်မြှင့်တင်ရေးတို့အား အဓိကဈေးကွက်တွင်ပါဝင်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ပါသည်။

**အရေးပါသည့် အချက်များ**

- ခေတ်နှင့်အညီ မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက်တည်ထောင်နိုင်ခြင်းသည် ၁၉၉၀ ပြည့်လွန်နှစ်များမှ စတင်အခြေတည်ခဲ့သည့် ခရီးရှည်တစ်ခု၏ ရလဒ်ဖြစ်ပါသည်။
- ၂၀၁၃ ခုနှစ်တွင် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပြီး ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ကို ဖွဲ့စည်းကာ ၂၀၁၄ ခုနှစ်မှစ၍ မြန်မာနိုင်ငံအရင်းအနှီးဈေးကွက်ကို ကြီးကြပ်ကွပ်ကဲခဲ့ပါသည်။
- ရန်ကုန်စတော့အိပ်ချိန်းကို ၂၀၁၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင်ရှိသော စာရင်းဝင်ကုမ္ပဏီ ၅ ခု၏ စုစုပေါင်းဈေးကွက်တန်ဖိုးမှာ မြန်မာကျပ်– ၅၅၄.၆ ဘီလီယံ ရှိပါသည်။

| **အဓိကကိန်းဂဏန်းများ** | | |
|---|---|---|
| မြန်မာနိုင်ငံတွင် ငွေချေး သက်သေခံလက်မှတ်ကုမ္ပဏီ ၆ ခုနှင့်ရင်းနှီးမြှုပ်နှံမှုအကြံပေး ကုမ္ပဏီ ၁ ခုတို့ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ | YSX တွင် စာရင်းဝင်ကုမ္ပဏီ ၅ ခုရှိပါသည်။ | အစုရှယ်ယာရှင် ၁၀၀နှင့် အထက်ရှိသည့် အများနှင့် သက်ဆိုင်သောကုမ္ပဏီ ၃၉ ခု ရှိပါသည်။ |
| ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ ၂ ခုကို ဒဏ်ကြေး ချမှတ်ခဲ့ပါသည်။ | နိုင်ငံတကာမိတ်ဖက်အဖွဲ့ အစည်းများနှင့် နားလည်မှု စာချွန်လွှာ ၄ ခု လက်မှတ် ရေးထိုးခဲ့ပါသည်။ | ကော်မရှင်ရုံးဝန်ထမ်း ၆၇ ဦး ဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိပါသည်။ |
| တိုင်ကြားစာ ၆ စောင်ကို လက်ခံရရှိခဲ့ပါသည်။ | ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းစစ်ဆေးခြင်းကို ၁၂ ကြိမ်ဆောင်ရွက်ခဲ့ပါသည်။ | ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင်ရှိသော YSX စာရင်းဝင်ကုမ္ပဏီ ၅ ခု၏ စုစုပေါင်းဈေးကွက်တန်ဖိုး မှာ မြန်မာကျပ်– ၅၅၄.၆ ဘီလီယံရှိပါသည်။ |

## ၁။ နောက်ခံသမိုင်း

| ဆောင်ရွက်မှု အဆင့်ဆင့် | တိုးတက်လာမှုများ |
|---|---|
| အဆင့်(၁)<br>၁၉၉၀ ပြည့်လွန်နှစ်များတွင် စတင်ဆောင်ရွက်ချက်များ | ၁၉၉၀ ပြည့်လွန်နှစ်များတွင် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ ငွေရေးကြေးရေး ဈေးကွက် ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ခဲ့ပါသည်။<br>• ၁၉၉၆ ခုနှစ်တွင် နိုင်ငံတော်ပိုင်ဘဏ်ဖြစ်သည့် မြန်မာ့စီးပွားရေးဘဏ်နှင့် ဂျပန်နိုင်ငံ ဒိုင်ဝါသုတေသနအဖွဲ့လီမိတက်တို့သည် မြန်မာငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီကို ဖက်စပ်ကုမ္ပဏီအဖြစ် ဖွဲ့စည်းခဲ့သည်။ သို့ရာတွင် အာရှနိုင်ငံများ၌ ဖြစ်ပေါ်ခဲ့သည့် ငွေရေးကြေးရေး အကြပ်အတည်းများကြောင့် မြန်မာနိုင်ငံအရင်းအနှီး ဈေးကွက်တည်ထောင်ရေးကို အဟန့်အတား ဖြစ်ခဲ့ပါသည်။<br>• ၂၀၀၆ ခုနှစ်တွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် အရင်းအနှီးဈေးကွက် လေ့လာရေးကော်မတီကို အထူးကော်မတီအဖြစ် ဖွဲ့စည်းခဲ့ပါသည်။ |
| အဆင့်(၂)<br>အရင်းအနှီးဈေးကွက်<br>အတွက်အရေးပါသည့် နှစ် ၂၀၀၈ ခုနှစ် | ၂၀၀၈ ခုနှစ်၊ ဇူလိုင်လတွင် နိုင်ငံတော်အစိုးရ၏ ခွင့်ပြုမိန့်ဖြင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် နိုင်ငံ့စီးပွားရေးကို ပြုပြင်ပြောင်းလဲ တည်ဆောက်ရန်အတွက် အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။ ကော်မတီ၏ အဓိကအောင်မြင်မှုမှာ ၂၀၁၃ ခုနှစ်တွင် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ယင်းဥပဒေသည် မြန်မာနိုင်ငံ အရင်းအနှီးဈေးကွက် တည်ထောင်ရေးအတွက် အရေးပါသည့် ဥပဒေတစ်ရပ်ဖြစ်ပြီး အောက်ပါအချက်များ ပါဝင်ပါသည်–<br>• ခိုင်မာသည့် နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးရန်၊<br>• မြန်မာနိုင်ငံအရင်းအနှီးဈေးကွက်ကို ကြီးကြပ်ထိန်းကျောင်းရန်၊<br>ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး ဥပဒေအရ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်နှင့် ရန်ကုန်စတော့အိပ်ချိန်းတို့ကို ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ဥပဒေတွင် ဈေးကွက်၌ ပါဝင်သူများ၏ မတူညီသည့် အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကို ခွဲခြားဖော်ပြထားပါသည်။ |

| | |
|---|---|
| အဆင့် (၃)<br>၂၀၁၄ ခုနှစ်မှ စတင်၍<br>ဆောင်ရွက်ခဲ့မှုများ | ၂၀၁၄ ခုနှစ်၊ ဩဂုတ်လမှစတင်၍ ကော်မရှင်သည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခဲ့ပါသည်။ ပြည်ထောင်စုအစိုးရအဖွဲ့မှ ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအမှတ် ၆၄ / ၂၀၁၄ အရ ကော်မရှင်ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဦးဆောင်၍ ကော်မရှင်အဖွဲ့ဝင် (၅) ဦးဖြင့် ဖွဲ့စည်းပေးခဲ့ပါသည်။<br>၂၀၁၅ ခုနှစ်တွင်<br>• ရန်ကုန်စတော့အိပ်ချိန်းကို စတင်တည်ထောင်ခဲ့ပြီး ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်စံသတ်မှတ်ချက်များနှင့် ယင်း၏လုပ်ငန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်ခဲ့ပါသည်၊<br>• ကော်မရှင်သည် အစုရှယ်ယာထုတ်ဝေသော ကုမ္ပဏီများနှင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအတွက် ယင်း၏ အမိန့်ကြော်ငြာစာများ ဖြစ်သည့် –<br>(၁/၂၀၁၅) အီလက်ထရောနစ်စနစ်ဖြင့် မှတ်တမ်းတင်ဆောင်ရွက်ခြင်း၊<br>(၂/၂၀၁၅) အများနှင့်သက်ဆိုင်သောကုမ္ပဏီများ၏ အစုရှယ်ယာများကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်း၊<br>(၃/၂၀၁၅) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၏ အလုပ်ချိန်နှင့် ငွေချေးသက်သေခံလက်မှတ် အကျိုးဆောင်လုပ်ငန်းအတွက် အကျိုးဆောင်ခများ သတ်မှတ်ခြင်း စသည့် အမိန့်ကြော်ငြာစာများကို ထုတ်ပြန်ခဲ့ပါသည်။<br><br>၂၀၁၅ ခုနှစ်နောက်ပိုင်းမှစတင်၍ ကော်မရှင်နှင့် ရန်ကုန်စတော့အိပ်ချိန်းတို့သည် လုပ်ငန်းနှင့်သက်ဆိုင်သည့် ညွှန်ကြားချက်များ၊ အမိန့်ကြော်ငြာစာများကို ဆက်လက်ထုတ်ပြန်ခဲ့ပါသည်။ ယင်းတို့ကို သက်ဆိုင်ရာ ဝက်ဘ်ဆိုဒ်များ[2]တွင် ကြည့်ရှုနိုင်ပါသည်။<br><br>ကော်မရှင်သည် အခြားသောအဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်း မြန်မာနိုင်ငံအရင်းအနှီးဈေးကွက် ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်စေရေးနှင့် ကျွမ်းကျင်ပညာရှင်များ ရရှိစေရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ |

[2] SECM: https://secm.gov.mm/en/lawsregulations/
YSX: https://ysx-mm.com/

## ၂။ မျှော်မှန်းချက်၊ ရည်မှန်းချက်နှင့် တာဝန်ဝတ္တရားများ

| | |
|---|---|
| မျှော်မှန်းချက် | **"ဖွံ့ဖြိုးတိုးတက်နေသည့် ကမ္ဘာ့ငွေချေးသက်သေခံလက်မှတ်ဈေးကွက်နှင့်အတူ စည်းကမ်းကျနသော မြန်မာငွေချေးသက်သေခံလက်မှတ်ဈေးကွက် ဖြစ်ထွန်းလာရေးအတွက် အရှိန်အဟုန်မြင့် ဆောင်ရွက်ရန်"** |

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့သော ခေတ်သစ်စီးပွားရေး တည်ထောင်ရာတွင် ခိုင်မာ၍စနစ်ကျသည့် အရင်းအနှီးဈေးကွက်များသည် အရေးပါသောအခန်းကဏ္ဍတွင် ပါဝင်ပါသည်။ နိုင်ငံများသည် ၎င်းတို့၏ အရင်းအနှီးဈေးကွက် ရှင်သန်ကြီးထွားစေရန်နှင့် ရင်းနှီးငွေများပိုမိုလွယ်ကူစွာရရှိစေရန် နည်းလမ်းနှစ်သွယ်ဖြင့် စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိပါသည် :

(၁) မိမိတို့၏ အရင်းအနှီးဈေးကွက်အား ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့်

(၂) မျှတ၍လုံခြုံစိတ်ချမှုရှိသော ဈေးကွက်ဖြစ်စေရန် နိုင်ငံတကာတွင် ကျင့်သုံးနေသည့် အလေ့အကျင့်များအပေါ်အခြေခံ၍ ရှင်းလင်းသော စည်းမျဉ်းစည်းကမ်းများ ချမှတ်ခြင်း။

မြန်မာနိုင်ငံသည် အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် (ACMF) တွင် အဖွဲ့ဝင်ဖြစ်သောကြောင့် မိမိတို့နိုင်ငံ၏ အရင်းအနှီးဈေးကွက် ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းဖြင့် ACMF လမ်းပြမြေပုံတွင် ပါဝင်ဆောင်ရွက်ရန်ဖြစ်ပါသည်။


| | |
|---|---|
| ရည်မှန်းချက် | **"ရင်းနှီးမြှုပ်နှံသူများကို ကာကွယ်ပေးခြင်းနှင့် နိုင်ငံတော်၏စီးပွားရေးကို မြှင့်တင်ပေးခြင်းတို့ဖြင့် မျှတ၍ လုံခြုံစိတ်ချရပြီး ငွေဖြစ်လွယ်သော ငွေချေးသက်သေခံလက်မှတ်ဈေးကွက်အဖြစ် ထိန်းသိမ်းရန်"** |

အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယုံကြည်မှုသည် အဓိကအကျဆုံး ဖြစ်ပါသည်။ ယုံကြည်မှုမရှိပါက ရင်းနှီးမြှုပ်နှံသူများသည် ၎င်းတို့၏ ငွေကြေးအရင်းအမြစ်များအား ခွဲဝေရင်းနှီးမြှုပ်နှံမှုပြုမည်မဟုတ်၍ စီးပွားရေးလုပ်ငန်းများသည် ရင်းနှီးငွေရရှိမှု အခွင့်အလမ်းများ မရရှိခြင်းနှင့် စီးပွားရေးလုပ်ငန်းများ မချဲ့ထွင်နိုင်ခြင်းတို့ကြောင့် စီးပွားရေးတိုးတက်မှုကို နှောင့်နှေးကြန့်ကြာစေမည် ဖြစ်ပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံတွင် ဈေးကွက်အပေါ်ယုံကြည်မှုသည် အထူးသတိပြုရမည့်အချက် ဖြစ်ပါသည်။

| | |
|---|---|
| ဆောင်ရွက်ချက် များ | **ကော်မရှင်၏ ရည်မှန်းချက်မှာ ဈေးကွက်တွင် ပါဝင်သူများဖြစ်သော ရင်းနှီးမြှုပ်နှံသူများ၊ အစုရှယ်ယာ ထုတ်ဝေရောင်းချသည့် ကုမ္ပဏီများနှင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတို့အကြား ယုံကြည်မှုရ ရှိရန် ဖြစ်ပါသည်။**<br>**မြန်မာနိုင်ငံတွင် ခိုင်မာသော အရင်းအနှီးဈေးကွက်တည်ဆောက်ရန် ကော်မရှင်သည် အဓိကလုပ်ငန်းစဉ်နှစ်ခုကို ဆောင်ရွက်လျက်ရှိပါသည်–**<br>**၁။ ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ ချမှတ်ခြင်း**<br>**မူဝါဒရေးရာဖွံ့ဖြိုးတိုးတက်ရေးဌာနသည် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြည်တွင်းငွေချေးစာချုပ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး၊ လက်ရှိချမှတ်ထားသည့် မူဝါဒများ၏ အကျိုးသက်ရောက်မှုကို ဆန်းစစ်ရန်နှင့် အရင်းအနှီးဈေးကွက် မူဘောင်များ ခိုင်မာပြည့်စုံစေရန် ဆောင်ရွက်ရေးတို့အတွက် ဝန်ထမ်းအင်အား ၁၅ ဦးဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို အစိမ်းနုရောင်ဖြင့် အောက်ပါအတိုင်း ဖော်ပြထားပြီး အသေးစိတ်အချက်အလက်များကို စာမျက်နှာ (၂၁) တွင်** |


| | |
|---|---|
| | ဖော်ပြထားပါသည်။<br><br>၂။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းနှင့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများအား ကြီးကြပ်ကွပ်ကဲခြင်းနှင့် စောင့်ကြည့်ခြင်း<br><br>ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းအား ကြီးကြပ်ကွပ်ကဲရန်နှင့် စောင့်ကြည့်စစ်ဆေးရန် ဝန်ထမ်း ၂၉ ဦးဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအား လိုင်စင်ထုတ်ပေးခြင်း၊ ရန်ကုန်စတော့အိပ်ချိန်းအား ခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများအပါအဝင် ဈေးကွက်တွင် ပါဝင်သူများအား ကြီးကြပ်ကွပ်ကဲခြင်းတို့ဆောင်ရွက်ရန် ဝန်ထမ်း ၁၆ ဦး ဖြင့်လည်းကောင်း၊ ဈေးကွက်စောင့်ကြည့်ခြင်းနှင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ စစ်ဆေးခြင်း၊ တည်ဆဲဥပဒေများနှင့်အညီ စည်းကမ်းလိုက်နာမှု ရှိ၊ မရှိ စစ်ဆေးရန် ဝန်ထမ်း ၁၃ ဦး ဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက်အား လုံခြုံစိတ်ချရသော ဈေးကွက်တစ်ခု ဖြစ်လာစေရန်နှင့် ရင်းနှီးမြှုပ်နှံသူများ၏ အကျိုးစီးပွားကို အကာအကွယ်ပေးရန် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအား တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ လိုက်နာကျင့်သုံးမှုရှိစေရန် စစ်ဆေးမှုများ လုပ်ဆောင်ပါသည်။ ယင်းတို့၏ လုပ်ငန်းတာဝန်များကို အစီမံရင့်ရောင်ဖြင့် အောက်ပါအတိုင်း ဖော်ပြထားပြီး ပိုမိုသိရှိလိုသည့် သတင်းအချက်အလက်များကို စာမျက်နှာ (၂၄) တွင် ရရှိနိုင်ပါသည်။ |

## ကော်မရှင်နှင့် စျေးကွက်တွင်ပါဝင်သူများ၏ ဆောင်ရွက်ချက်များ



## ၃။ အရင်းအနှီးဈေးကွက် ဖွဲ့စည်းပုံ

မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက်သည် ဖွံ့ဖြိုးစဖြစ်သော်လည်း ခိုင်မာစွာဖွဲ့စည်းထားသည့် ဈေးကွက်ဖြစ်ပါသည်။ ဈေးကွက်တွင်ပါဝင်သူများ၏ အခန်းကဏ္ဍနှင့် ချိတ်ဆက်ဆောင်ရွက်မှုများကို အောက်ပါအတိုင်းဖော်ပြထားပါသည်–




အရင်းအနှီးဈေးကွက်တွင် ရင်းနှီးမြှုပ်နှံလိုသူများသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှတစ်ဆင့် ထုတ်ဝေရောင်းချသည့် အစိုးရငွေတိုက်စာချုပ်များနှင့် အများနှင့်သက်ဆိုင်သောကုမ္ပဏီများမှ ထုတ်ဝေရောင်းချသည့် အစုရှယ်ယာများကို ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှတစ်ဆင့် ဝယ်ယူနိုင်ပါသည်။

ငွေချေးသက်သေခံလက်မှတ် အမျိုးအစားပေါ်မူတည်၍ သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်း ထိန်းကျောင်းသူများသည် ချမှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိကို ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများနှင့် အများနှင့်သက်ဆိုင်သောကုမ္ပဏီများအား ကြီးကြပ်ကွပ်ကဲခြင်း–

- ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ လိုက်နာဆောင်ရွက်မှုများ၊
- အများနှင့်သက်ဆိုင်သောကုမ္ပဏီများ၏ ဖွင့်ဟထုတ်ဖော်မှုဆိုင်ရာ အရည်အသွေးများ၊

လက်ရှိတွင် ကော်ပိုရိတ်ငွေချေးစာချုပ်များ ထုတ်ဝေရောင်းချနိုင်မှုမရှိသေးပါ။ ကော်မရှင်အနေဖြင့် ကော်ပိုရိတ်ငွေချေးစာချုပ်များ ထုတ်ဝေရောင်းချလိုသော ကုမ္ပဏီများနှင့် ပိုင်ဆိုင်မှုများအား နည်းလမ်းမျိုးစုံဖြင့် ခွဲဝေရင်းနှီးမြှုပ်နှံလိုသူများအတွက် ကော်ပိုရိတ်ငွေချေးစာချုပ်များ ထုတ်ဝေရောင်းချနိုင်ရန် ဆောင်ရွက်မည်ဖြစ်ပါသည်။

ကော်မရှင်အနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင် ရွက်လျက်ရှိပါသည်။

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

ကော်မရှင်သည် ဝန်ကြီးဌာန၏ အဖွဲ့အစည်းတစ်ခု ဖြစ်သည့်အားလျော်စွာ ဘဏ္ဍာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များအတွက် ဝန်ကြီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် ရှိပါသည်။ ငွေချေးသက်သေခံလက်မှတ်များနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအားလုံးအတွက် အစိုးရအဖွဲ့အား အကြံပေးနိုင်ပါသည်။ အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ်၏ လမ်းပြမြေပုံနှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ အကောင်အထည်ဖော်သည့် ကိစ္စရပ်များတွင် ပူးပေါင်းပါဝင်လျက်ရှိသောကြောင့် မြန်မာနိုင်ငံ၏ ဈေးကွက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခိုင်မာတောင့်တင်းရေးအတွက် အဓိကကျသည့် အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။

**အခြားသောအစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း**

- မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်နှင့်ဘဏ်မဟုတ်သော အခြားငွေရေးကြေးရေး အဖွဲ့အစည်းများအားကြီးကြပ်ခြင်းနှင့် နိုင်ငံတော်ကိုယ်စား အစိုးရငွေတိုက်စာချုပ်များ ထုတ်ဝေရောင်းချသည့် အဖွဲ့အစည်းဖြစ်ပါသည်။

- ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသည် ၂၀၁၈ခုနှစ် ဩဂုတ်လတွင် စတင်အသက်ဝင်သည့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေသစ်အရ ကုမ္ပဏီများမှတ်ပုံတင်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းများကို ဆောင်ရွက်သည့် အဖွဲ့အစည်း ဖြစ်ပါသည်။

**နိုင်ငံတကာ အဖွဲ့အစည်းများ**

ကော်မရှင်သည် နည်းပညာအကူအညီများနှင့် ဝန်ထမ်းများ၏စွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် အသိပညာများတိုးပွားစေရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများမှာ ဂျပန်ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုအေဂျင်စီ၊ အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း၊ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အဖွဲ့အစည်းနှင့် ကိုရီးယားဖွံ့ဖြိုးတိုးတက်ရေးအင်စတီကျူတို့ ဖြစ်ပါသည်။

**ပူးပေါင်းဆောင်ရွက်လျက်ရှိသောနိုင်ငံတကာ လုပ်ငန်းတူအဖွဲ့အစည်းများ**

ကော်မရှင်သည် အာဆီယံ ၁၀ နိုင်ငံမှ အရင်းအနှီးဈေးကွက် စည်းမျဉ်းစည်းကမ်း ထိန်းကျောင်းသူများ ပါဝင်သည့် အာဆီယံအရင်းအနှီးဈေးကွက် ဖိုရမ် (ACMF) တွင် ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါသည်။ အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် (ACMF) အနေဖြင့် အာဆီယံစီးပွားရေးအသိုက်အမြုံ (AEC) ၂၀၂၅ မူဘောင်အရ ဒေသဆိုင်ရာအရင်းအနှီးဈေးကွက်များ ပိုမိုပေါင်းစည်းနိုင်ရန်အတွက် မဟာဗျူဟာများ မချမှတ်မီ စည်းမျဉ်းနှင့်နည်းဥပဒေများအား ဟန်ချက်ညီညီ ဖော်ဆောင်နိုင်ရေးအတွက် အလေးပေးဆောင်ရွက်ခဲ့ပါသည်။ ကော်မရှင်သည် ACMF လမ်းပြမြေပုံအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ခဲ့ပါသည်။ သာဓကအားဖြင့် အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှု အမှတ်ပေးစည်းမျဉ်းများကိုအခြေခံ၍ မြန်မာ့စီးပွားရေးနယ်ပယ်တွင် လက်ရှိကျင့်သုံးနေသည့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအား အကဲဖြတ်ရန် သုတေသနတစ်ခု ပြုလုပ်ခြင်း၊ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သတင်းအချက်အလက်နှင့် ဗဟုသုတများ မျှဝေနိုင်ရန်နှင့် ပူးပေါင်းဆောင်ရွက်နိုင်စေရန် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်ဖွဲ့စည်းထားသည့် မဲခေါင်ဒေသ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Mekong Capital Markets Cooperation–MCMC) နှင့်လည်း ပူးပေါင်းဆောင်ရွက်ခြင်း စသည်တို့ဖြစ်ပါသည်။




**ASEAN Capital Market Conference 2018**



**9th Mekong Capital Market Cooperation Meeting (24/3/2019)**

# ကော်ပိုရိတ်စီမံအုပ်ချုပ်မှု

ကော်မရှင်တွင် စီမံအုပ်ချုပ်မှုအဆင့် နှစ်ဆင့်ရှိပါသည်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိသည့် ကော်မရှင်အဖွဲ့သည် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ထိရောက်မှုရှိသည့် စည်းမျဉ်းစည်းကမ်း ထိန်းကျောင်းသည့် အဖွဲ့အစည်းဖြစ်စေရန် ကြိုးကြပ်ကွပ်ကဲလျက်ရှိပါသည်။ ကော်မရှင်ရုံးအဖွဲ့သည် ကော်မရှင်အဖွဲ့မှ အတည်ပြုထားသည့် လမ်းပြမြေပုံနှင့် လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်ပါသည်။

**အဓိကအချက်များ**

- ကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေအရ ဖွဲ့စည်းထားပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။
- ကော်မရှင်အစည်းအဝေးများအား ကော်မရှင်ဥက္ကဋ္ဌမှ ကြီးမှူး၍အစည်းအဝေး (၁၁) ကြိမ်အထိ တွေ့ဆုံပြီး မဟာဗျူဟာဆိုင်ရာနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာများအား ဆွေးနွေးခဲ့သည်။
- ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေအရ ကော်မရှင်သည် သီးခြားအဖွဲ့အစည်းတစ်ရပ် ဖြစ်ရပါမည်။ သို့သော် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အဖွဲ့အစည်းအဖြစ် အချိန်ကာလတစ်ခုအထိ တည်ရှိမည် ဖြစ်ပါသည်။
- ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများသည် ဝန်ထမ်းကျင့်ဝတ်နှင့်အညီ တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

**<u>အရေးပါသည့်အချက်များ</u>**



၂၀၁၄ခုနှစ်မှ စတင်၍ ကော်မရှင် အဖွဲ့ဝင်များ မှ အစည်းအဝေး (၁၁)ခု ကျင်းပပြုလုပ်ပြီး ဖြစ်ပါသည်။



ကော်မရှင်တွင် ကျား‌မ (၅၀/၅၀)ဖြင့် အချိုးညီမျှစွာ ဆောင်ရွက်နေပါသည်။




ကျင့်ဝတ်စည်းမျဉ်းအား ဖောက်ဖျက်မှုမရှိပါ။

## ၁။ အုပ်ချုပ်မှုပုံစံ

မြန်မာနိုင်ငံအရင်းအနှီးဈေးကွက်အား ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကြီးကြပ်ကွပ်ကဲရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားသော ကော်မရှင်၏ အရေးကြီးတာဝန်မှာ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်ဖြစ်ပါသည်။ ဈေးကွက်တွင်ပါဝင်သူများအကြား ယုံကြည်မှုတည်ဆောက်ရန်နှင့် ခိုင်မာစေရန် အောက်ပါအချက်များအား ဆောင်ရွက်ရန်ချမှတ်ထားပါသည်–

- တာဝန်ခံမှု – အရင်းအနှီးဈေးကွက် တိုးတက်မှုအခြေအနေများအား သိရှိစေရန်အတွက် အစီရင်ခံစာအား နှစ်စဉ်ထုတ်ဝေရန် ရည်ရွယ်ပါသည်။
- ပွင့်လင်းမြင်သာမှု– ရင်းနှီးမြှုပ်နှံရန်အတွက် လုံခြုံစိတ်ချရသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ယုံကြည်မှုရှိလာစေရန် ပိုမိုကောင်းမွန်သော ကော်ပိုရိတ်ဖွင့်ဟထုတ်ဖော်မှု အလေ့အထများအား ကျင့်သုံးမည်ဖြစ်ပါသည်။ အစီရင်ခံစာ၏ ရည်ရွယ်ချက်မှာ ကော်မရှင်၏ လုပ်ဆောင်ချက်များနှင့်စပ်လျဉ်းသည့် မျှတကောင်းမွန်သောအမြင်အား မျှဝေပေးရန်ဖြစ်ပါသည်။

ကော်မရှင်သည် အောက်ဖော်ပြပါအတိုင်း အုပ်ချုပ်မှု အဆင့်နှစ်ဆင့် ရှိပါသည်။



## ၂။ ကော်မရှင်အဖွဲ့ဝင်များ

ကော်မရှင်အဖွဲ့ဝင်များသည် ကော်မရှင်ကို ဦးဆောင်လမ်းညွှန်နိုင်ရန် နယ်ပယ်အသီးသီးမှ ကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းထားပါသည်။ ကော်မရှင်သည် ကျား/မ အချိုး ညီမျှမှုရှိပြီး ကော်ပိုရိတ်ဖွဲ့စည်းပုံနှင့် မူဝါဒများ ဖော်ဆောင်ရန် လိုအပ်သည့် ကျယ်ပြန့်သော အတွေ့အကြုံနှင့် ကွန်ယက်ဆက်နွယ်မှုရှိသူများဖြစ်ပါသည်။



**ဦးမောင်မောင်ဝင်း**
**ရာထူး** – ဥက္ကဋ္ဌ
**ခန့်အပ်သည့်နေ့** – (၇.၆.၂၀၁၆)
**လုပ်ငန်းအတွေ့အကြုံ**

- ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
- ညွှန်ကြားရေးမှူးချုပ် ၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
- ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်
- အထွေထွေမန်နေဂျာ ၊ မြန်မာ့စီးပွားရေးဘဏ်



**ဒေါ်ခင်လေးမြင့်**
**ရာထူး** – အဖွဲ့ဝင်
**ခန့်အပ်သည့်နေ့** – (၁၉.၈.၂၀၁၄)
**လုပ်ငန်းအတွေ့အကြုံ**

- ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
- စီးပွားရေးပညာဘွဲ့(စာရင်းအင်းပညာ)နှင့်စီးပွားရေးစီမံကိန်းဒီပလိုမာ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်
- စာရင်းကိုင်ပညာဒီပလိုမာ၊ မြန်မာနိုင်ငံစာရင်း ကောင်စီ (MAC)



**ဦးဌေးချွန်**
ရာထူး – အဖွဲ့ဝင်
**ခန့်အပ်သည့်နေ့** – (၁၉.၈.၂၀၁၄)
**လုပ်ငန်းအတွေ့အကြုံ**

- အဖွဲ့ဝင်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
- ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊
- လက်မှတ်ရ ဥပဒေအကျိုးဆောင်၊ ပညာရေးဝန်ကြီးဌာန
- စီးပွားရေးပညာဘွဲ့(စာရင်းအင်းပညာ)နှင့်စီးပွားရေးစီမံကိန်းဒီပလိုမာ၊ရန်ကုန်စီးပွားရေးတက္ကသိုလ်



**ဦးသိန်းမြင့်**
**ရာထူး** – အဖွဲ့ဝင်
**ခန့်အပ်သည့်နေ့** – (၆.၂.၂၀၁၇)
**လုပ်ငန်းအတွေ့အကြုံ**

- ပြည်နယ်စာရင်းစစ်ချုပ်(ငြိမ်း)၊ ရှမ်းပြည်နယ်
- ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
- အတွင်းရေးမှူး၊ မြန်မာနိုင်ငံစာရင်းကိုင်ကောင်စီ
- နာယက၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း
- လက်မှတ်ရပြည်သူ့ စာရင်းကိုင်
- စီးပွားရေးပညာဘွဲ့(ဝါဏိဇ္ဇဗေဒ) (စက်မှုနှင့်ကုန်သွယ်ရေး)၊ရန်ကုန် စီးပွားရေးတက္ကသိုလ်



**ဒေါ်တင်မေဦး**
**ရာထူး** – အဖွဲ့ဝင်
**ခန့်အပ်သည့်နေ့** – (၁၉.၈.၂၀၁၄)
**လုပ်ငန်းအတွေ့အကြုံ**

- အမှုဆောင် ဒါရိုက်တာ၊ မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လဲလှယ် ရောင်းဝယ်ရေးကုမ္ပဏီ
- ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
- စီးပွားရေးပညာဘွဲ့(စိုက်ပျိုးရေးဘောဂဗေဒ)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်
- MDS မဟာဖွံ့ဖြိုးတိုးတက်မှုဘွဲ့(MDS)၊ Institute of Social Studies ၊ နယ်သာလန်နိုင်ငံ၊ The Hague မြို့



**ဒေါ်တင်တင်အုန်း**
**ရာထူး** – အတွင်းရေးမှူး
**ခန့်အပ်သည့်နေ့** – (၁၆.၉.၂၀၁၆)
**လုပ်ငန်းအတွေ့အကြုံ**

- ယခင် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
- ယခင်စာရင်းစစ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
- စီးပွားရေးပညာဘွဲ့ (စာရင်းအင်းပညာ)၊ ရန်ကုန်စီးပွားရေး တက္ကသိုလ်
- စာရင်းကိုင်ပညာဒီပလိုမာဘွဲ့၊ မြန်မာနိုင်ငံစာရင်းကိုင်ကောင်စီ

ကော်မရှင်အစည်းအဝေး (၁၁) ကြိမ် ကျင်းပခဲ့ပြီး အဖွဲ့ဝင်တစ်ဦးချင်းစီ၏ တက်ရောက်မှုမှာ အောက်ပါအတိုင်း ဖြစ်သည်–

| **အမည်** | **ရာထူး** | **တက်ရောက်မှု** |
|---|---|---|
| **ဦးမောင်မောင်ဝင်း** | ဥက္ကဋ္ဌ | ၁၀၀% |
| **ဒေါ်ခင်လေးမြင့်** | အဖွဲ့ဝင် | ၉၁% |
| **ဦးငွေးချွန်** | အဖွဲ့ဝင် | ၈၂% |
| **ဦးသိန်းမြင့်** | အဖွဲ့ဝင် | ၁၀၀% |
| **ဒေါ်တင်မေဦး** | အဖွဲ့ဝင် | ၉၁% |
| **ဒေါ်တင်တင်အုန်း** | အတွင်းရေးမှူး | ၉၁% |

ကော်မရှင်သည် အဓိကအားဖြင့် အောက်ပါအကြောင်းအရာများကို ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခဲ့ပါသည်–

- လုပ်ငန်းများ လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်ရုံးကို ကနဦးဖွဲ့စည်းခဲ့ခြင်း၊ ဥပမာ– ဝန်ထမ်းဖွဲ့စည်းပုံရေးဆွဲ အတည်ပြုခြင်း၊ ကော်မရှင်ရုံးဝန်ထမ်းများ ခန့်အပ်ခြင်းနှင့် ရုံးခန်းများပြုပြင်မွမ်းမံခြင်း၊
- ကော်မရှင်မှ ထုတ်ပြန်ခဲ့သည့် မူဝါဒ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအား သုံးသပ်အတည်ပြုခြင်း၊
- မိတ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်းနှင့် အတည်ပြုခြင်း၊
- စျေးကွက်စုံစမ်းထောက်လှမ်းခြင်းလုပ်ငန်းများအား ကြီးကြပ်ကွပ်ကဲခြင်းနှင့် စည်းမျဉ်းစည်းကမ်းလိုက်နာမှုမရှိသည်များကို ဖော်ထုတ်ခြင်း၊
- ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်လာစေရန် သင်တန်းများပို့ချခြင်း၊
- မဟာဗျူဟာရည်မှန်းချက်များ ဖော်ထုတ်ခြင်း။

ကော်မရှင်သည် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနည်းလမ်းများ ဖော်ထုတ်ခြင်း ၊ ရာထူးဆက်ခံမည့်အစီအစဉ်များ ရေးဆွဲခြင်း၊ ခိုင်မာအားကောင်းသည့်အဖွဲ့အစည်းဖြစ်စေရန်နှင့် လုပ်ငန်းများစဉ်ဆက်မပြတ်လုံခြုံချောမွေ့စွာ ဆောင်ရွက်နိုင်ရန် မူဝါဒများချမှတ်ခြင်းတို့ဖြင့် လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

## ၃။ ကျင့်ဝတ်များ



ကော်မရှင်သည် အစိုးရအဖွဲ့အစည်းတစ်ခုအနေဖြင့်လည်းကောင်း၊ စည်းမျဉ်းစည်းကမ်းချမှတ်သည့် အဖွဲ့အစည်းတစ်ခု အနေဖြင့်လည်းကောင်း ယင်း၏လုပ်ငန်းတာဝန်များကို တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုရှိစွာ ကြိုးပမ်းအားထုတ်လျက်ရှိပါသည်။

ကော်မရှင်အဖွဲ့ဝင်များ၊ စီမံခန့်ခွဲသူများနှင့် ဝန်ထမ်းအားလုံးသည် နိုင်ငံတော်အစိုးရမှ ထုတ်ပြန်ထားသည့် ဝန်ထမ်းကျင့်ဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်လျက် ရှိပါသည်။ အစီရင်ခံစာတင်ပြသည့် ကာလအထိ ဝန်ထမ်းကျင့်ဝတ်ဖောက်ဖျက်မှု မရှိကြောင်း ဖော်ပြအပ်ပါသည်။

ကော်မရှင်သည် အရင်းအနှီးစျေးကွက်တွင် ပါဝင်သူများအားလုံးလိုက်နာရန် လုပ်ငန်းကျင့်ဝတ်နှင့် သက်ဆိုင်သော ညွှန်ကြားချက် (၂) ခု ထုတ်ပြန်ခဲ့ပါသည်။

- ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၊ ရန်ကုန်စတော့အိပ်ချိန်းနှင့် ကောင်တာစျေးကွက်တို့အတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် ညွှန်ကြားချက်အမှတ် (၃/၂၀၁၆)
- အများပြည်သူသို့ ဖွင့်ဟအသိပေးခြင်းမပြုရသေးသည့် အတွင်းသတင်းအချက်အလက်များကို အခြေခံ၍ အရောင်းအဝယ်ပြုလုပ်ခြင်းအား ကာကွယ်တားဆီးခြင်းနှင့် စပ်လျဉ်းသည့် ညွှန်ကြားချက်အမှတ် (၄/၂၀၁၆)

# လုပ်ငန်းဆောင်ရွက်မှုများ

ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုများသည် တိုးတက်လျက်ရှိပါသည်။ ၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ကော်မရှင်၏ ဝန်ထမ်းအင်အားသည် ၄ ဆ ပိုမိုများပြားလာပြီး အများနှင့်သက်ဆိုင်သောကုမ္ပဏီများနှင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများကို တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ စုံစမ်းစစ်ဆေးမှုများ ပိုမိုဆောင်ရွက်လာနိုင်ပါသည်။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူများနှင့် အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားကာကွယ်ရန် စည်းမျဉ်းစည်းကမ်းများ လိုက်နာမှုမရှိသည့် ကိစ္စရပ်တိုင်းအား ဂရုပြုဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ခိုင်မာသော ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အလေ့အကျင့်ကောင်းများ တိုးတက်ဖြစ်ထွန်းလာစေရန် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**အဓိကအချက်များ**

- အရင်းအနှီးဈေးကွက် ချောမွေ့စွာလည်ပတ်နိုင်ရန် ကော်မရှင်သည် နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ခြင်း၊
- ဒေသတွင်း လုပ်ငန်းတူအဖွဲ့အစည်းများတွင် ကျင့်သုံးနေသည့် အလေ့အကျင့်ကောင်းများနှင့် လိုက်လျောညီထွေဖြစ်စေရန် ခိုင်မာသောမူဝါဒများ ရေးဆွဲဖော်ထုတ်ခြင်း၊
- မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက်အပေါ် ရင်းနှီးမြှုပ်နှံသူများ၏ယုံကြည်မှု ခိုင်မာစေရန် ဈေးကွက်အားကြီးကြပ်ကွပ်ကဲခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊
- အနာဂတ်တွင် ဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်မှုတိုးတက်စေရန်နှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးရန် အစီအစဉ်များ ချမှတ်ခြင်း၊

**<u>အဓိကကိန်းဂဏန်းများ</u>**

မြန်မာနိုင်ငံတွင် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ ၆ ခုနှင့် ရင်းနှီးမြှုပ်နှံမှုအကြံပေးကုမ္ပဏီ ၁ ခု တို့ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

YANGON STOCK EXCHANGE

YSX တွင် စာရင်းဝင် ကုမ္ပဏီ ၅ ခုရှိပါသည်။

အစုရှယ်ယာရှင် ၁၀၀ နှင့်အထက်ရှိသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ ၃၉ ခု ရှိပါသည်။

ကော်မရှင်ရုံးဝန်ထမ်း ၆၇ ဦးဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ရှိ YSX  စာရင်းဝင်ကုမ္ပဏီ ၅ ခု၏ စုစုပေါင်း ဈေးကွက်တန်ဖိုးမှာ မြန်မာကျပ် – ၅၅၄.၆ ဘီလီယံ ရှိပါသည်။

ဝန်ထမ်းများအတွက် လုပ်ငန်းစတင်ချိန်မှစ၍ နာရီပေါင်း ၁၆,၀၀၀ ကျော် သင်တန်းပေးခဲ့ပါသည်။

နိုင်ငံတကာမိတ်ဖက်အဖွဲ့ အစည်းများနှင့် နားလည်မှု စာချွန်လွှာ ၄ ခု လက်မှတ်ရေးထိုးခဲ့ပါသည်။

ရည်မှန်းချက် ပြည့်မီစေရန်အတွက် ကော်မရှင်မှဦးဆောင်၍ အခမ်းအနား (၂၀) ခု ကျင်းပပြုလုပ်ခဲ့ပါသည်။

ငွေချေးသက်သေခံလက်မှတ်ကိုယ်စားလှယ် လုပ်ငန်းလိုင်စင် (၇၇) ခု ထုတ်ပေးခဲ့ပါသည်။


ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းစစ်ဆေးခြင်းကို ၁၂ ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

တိုင်ကြားစာ ၆ စောင်ကို လက်ခံရရှိခဲ့ပါသည်။

ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ ၂ ခုကို ဒဏ်ကြေးချမှတ်ခဲ့ပါသည်။

## ၁။ မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက် စည်းမျဉ်းစည်းကမ်းထိန်းကျောင်းမှုမူဘောင် မြှင့်တင် ဆောင်ရွက်ခြင်း

ကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်လဲလှယ်ရောင်းဝယ်ရေး နည်းဥပဒေကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လတွင် ပြဋ္ဌာန်းခဲ့ပြီး လိုအပ်သော အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များနှင့် ကြေညာချက်များ စုစုပေါင်း (၂၀) ခုကို ဆက်လက်ထုတ်ပြန်၍ အများပြည်သူသိရှိစေရန် ကော်မရှင်ဝက်ဘ်ဆိုဒ်[3] တွင် ဖော်ပြထားပါသည်။ ၂၀၁၅ ခုနှစ် မှ ၂၀၁၈ ခုနှစ်အတွင်း ထုတ်ပြန်ခဲ့မှုများအား အောက်ပါပုံကားချပ်ဖြင့် ဖော်ပြအပ်ပါသည်-




အရင်းအနှီးဈေးကွက် ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် အများနှင့်သက်ဆိုင်သောကုမ္ပဏီများအပေါ် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှု ပိုမိုခိုင်မာလာစေရန်ရည်ရွယ်၍ ကော်ပိုရိတ်ဖွင့်ဟထုတ်ဖော်ကြေညာချက်များအား စဉ်ဆက်မပြတ်ဖော်ပြရန် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆) အား ထုတ်ပြန်ခဲ့ပါသည်။ ထိုသို့ထုတ်ပြန်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံသူများက မှန်ကန်သော ဆုံးဖြတ်ချက်များ ပိုမိုချမှတ်လာနိုင်မည် ဖြစ်ပါသည်။

### သင့်လျော်သည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

ကော်မရှင်အနေဖြင့် ပိုမိုကောင်းမွန်သော "စံ" သတ်မှတ်ချက်များ ချမှတ်နိုင်ရန်နှင့် လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရန်အတွက် သင့်လျော်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် လုပ်ငန်းအောင်မြင်မှုရရှိရန်အတွက် အဓိကအချက်ဖြစ်ပါသည်။ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို အောက်တွင်ဖော်ပြထားပါသည်။




ကော်မရှင်အနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း ကမ္ဘောဒီးယား၊ ထိုင်း၊လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့မှ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်တို့နှင့် မဲခေါင်ဒေသတွင်း အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ အဖွဲ့ဝင်နိုင်ငံစုံပါဝင်သော နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပါသည်။ မဲခေါင်ဒေသတွင်းဈေးကွက် အလေ့အထများ မြှင့်တင်ရန်ရည်ရွယ်၍ အရင်းအနှီးဈေးကွက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပါသည်။

[3] https://secm.gov.mm/en/lawsregulations/

| **<u>ပူးပေါင်းဆောင်ရွက်မှုများ</u>** | |
|---|---|
| 金融庁 Financial Services Agency | စျေးကွက်စတင်သည့်အချိန်မှစ၍ ကော်မရှင်အား ဂျပန်နိုင်ငံဘဏ္ဍာရေးဝန်ဆောင်မှုအေဂျင်စီ၏ ကျွမ်းကျင်ပညာရှင်များက စွမ်းဆောင်ရည်မြှင့်တင်ရန်အတွက် အကူအညီပေးလျက်ရှိပါသည်။ |
| IFC International Finance Corporation WORLD BANK GROUP | ကော်မရှင်သည် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ နည်းပညာအတွေ့အကြုံများ ရရှိစေရန်အတွက် အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) နှင့် ၂၀၁၆-၂၀၁၇ ခုနှစ်ဘဏ္ဍာရေးနှစ်တွင် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပါသည်။ အဆိုပါ နားလည်မှုစာချွန်လွှာအရ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်စတော့အိပ်ချိန်းနှင့် အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်းတို့နှင့် ပူးပေါင်း၍ စီမံချက်တစ်ရပ်ကို ဆောင်ရွက်ခဲ့ပါသည်။ မြန်မာကုမ္ပဏီများ၏ လက်ရှိကော်ပိုရိတ်စီမံအုပ်ချုပ်မှုအခြေအနေအား လေ့လာအကဲဖြတ်ရန် ASEAN Corporate Governance Scorecard အားအခြေခံခဲ့ပါသည်။ စီမံချက်၏ ရလဒ်မှာ-<br>• စျေးကွက်တွင် ပါဝင်သူများ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် သက်ဆိုင်သောအလေ့အထများ မြှင့်တင်ရန်အတွက် အကူအညီပေးရန်၊<br>• ဒေသတွင်း လုပ်ငန်းတူ အဖွဲ့အစည်းများ၏ အလေ့အကျင့်များနှင့် လိုက်လျောညီထွေရှိစေရေး ပံ့ပိုးပေးရန်၊<br>• မြန်မာနိုင်ငံအနေဖြင့် အာဆီယံ အရင်းအနှီးစျေးကွက်ဖိုရမ်၏ ကြိုးပမ်းမှုများတွင် ပူးပေါင်းပါဝင်လိုကြောင်း ပြသရန်။ |
| SEC | ကော်မရှင်သည် ထိုင်းနိုင်ငံ၏ ဒေသတွင်း အရင်းအနှီးစျေးကွက်ဆိုင်ရာ အတွေ့အကြုံများနှင့် နည်းပညာဗဟုသုတများ ပိုမိုရရှိစေရန် ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ထိုင်းနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပါသည်။ |




3rd Top Management Meeting organized by SECM and SECT (23/3/2019)

**ပူးပေါင်းဆောင်ရွက်မှုများ**

ကော်မရှင်သည် အာရှဖွံ့ဖြိုးရေးဘဏ်၏ အထောက်အပံ့ဖြင့် အာဆီယံ+ ၃ ငွေချေးစာချုပ် ဈေးကွက်ဖော်ဆောင်ရာတွင် ပါဝင်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံငွေချေးစာချုပ်ဈေးကွက် ပါဝင်သော ပထမဦးဆုံး အစီရင်ခံစာကို ထုတ်ပြန်ခဲ့ရာ အဆိုပါအစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ ငွေချေးစာချုပ်ဈေးကွက်နှင့် ပတ်သက်၍ အသေးစိတ်ဖော်ပြထားပြီး ကော်မရှင်၏ ဝက်ဘ်ဆိုဒ်[4] တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကော်မရှင်သည် ကိုရီးယားစီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ကိုရီးယားဖွံ့ဖြိုးမှုအင်စတီကျူတို့နှင့်ပူးပေါင်း၍ ၂၀၁၇-၂၀၁၈ ခုနှစ် အသိပညာ မျှဝေပေးခြင်းအစီအစဉ်အရ မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်တင်ရေး သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ကော်မရှင်သည် မြန်မာနိုင်ငံတွင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုကျင့်ဝတ်များ ဖော်ဆောင်နိုင်ရန် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ (OECD) နှင့် ၂၀၁၈ ခုနှစ်တွင် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပါသည်။

### မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်လာစေရေးဆောင်ရွက်ခြင်း

ကော်မရှင်စတင်တည်ထောင်ချိန်မှစ၍ အရင်းအနှီးဈေးကွက်နှင့်ပတ်သက်၍ အများပြည်သူ ပိုမိုနားလည်စေရန် ဆွေးနွေးပွဲအကြိမ် (၂၀) ခန့်ကို ကျင်းပပြုလုပ်ခဲ့ပါသည်။ ကော်မရှင်အနေဖြင့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံသူများနှင့် ရှယ်ယာရှင်များအား အရင်းအနှီးဈေးကွက်နှင့် အကျွမ်းတဝင်ဖြစ်လာစေရေးအတွက် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ၌ ကျင်းပပြုလုပ်ခဲ့သည့် ရန်ကုန်စတော့အိပ်ချိန်း၏ EXPO တွင် ပံ့ပိုးကူညီပေးခဲ့ပါသည်။ အများနှင့်သက်ဆိုင်သောကုမ္ပဏီများ၏ စွမ်းဆောင်ရည်များနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ အလေ့အကျင့်ကောင်းများ မြင့်မားလာစေရေးအတွက်လည်း ပညာပေးအစီအစဉ်များစွာတွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

ကော်မရှင်သည် ဈေးကွက်တွင်ပါဝင်သူများ၏ မတူညီသော သဘောထားနှင့်အမြင်များအား သိရှိနိုင်ရန်အတွက် ကြိုးပမ်းလုပ်ဆောင်လျက်ရှိရာ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းထားသော မြန်မာ-ဂျပန် ပူးတွဲကော်မတီ အစည်းအဝေးများနှင့် ထိုင်းနိုင်ငံ၏ အတွေ့အကြုံနှင့် နည်းပညာဆိုင်ရာ ဗဟုသုတများဖလှယ်နိုင်ရန် ထိုင်းနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်နှင့် အစည်းအဝေးများအား အခါအားလျော်စွာ ကျင်းပခဲ့ပါသည်။ ၎င်းအပြင် ကော်မရှင်သည် ငွေချေးစာချုပ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရန်အတွက်လည်း အာရှငွေချေးစာချုပ်ဈေးကွက်ဖော်ဆောင်ရေး အဆင့်(၄) (ABMI Phase 4) ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း ပံ့ပိုးပေးခဲ့ပါသည်။[5]

## ၂။ နည်းဥပဒေများ၊စည်းမျဉ်းစည်းကမ်းများနှင့်အညီလိုက်နာစေရန်ဆောင်ရွက်ခြင်း ဈေးကွက်ကြီးကြပ်ကွပ်ကဲခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းဌာန

ကော်မရှင်သည် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက်အထိ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ (၆) ခုအား ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းများ ဆောင်ရွက်ရန် ခွင့်ပြုခဲ့ပါသည်။ ကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကုမ္ပဏီများအား လိုင်စင်ထုတ်ပေးခြင်းနှင့် ထုတ်ပြန်ထားသည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ လိုက်နာဆောင်ရွက်စေရန် စောင့်ကြည့်စစ်ဆေးလျက် ရှိပါသည်။

အများနှင့်သက်ဆိုင်သော ကုမ္ပဏီကြီးများနှင့်စပ်လျဉ်း၍ ကော်မရှင်သည် နည်းလမ်းနှစ်သွယ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည် –

---

[4] အစီရင်ခံစာအား ဖော်ပြပါ link တွင် ရရှိနိုင်သည် https://asianbondsonline.adb.org/abmg.php

[5] https://aric.adb.org/initiative/asean3-asian-bond-markets-initiative

- အများပြည်သူသို့ အစုရှယ်ယာများ ကနဦးကမ်းလှမ်းရောင်းချလိုသည့် ကုမ္ပဏီများ (ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်သည်ဖြစ်စေ၊ စာရင်းမဝင်သည်ဖြစ်စေ) အား ယင်းတို့တင်ပြသည့် အလားအလာညွှန်းတမ်းကို ကော်မရှင်မှ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ဆောင်ရွက်ပါသည်။ ၂၀၁၅ ခုနှစ်မှ စတင်၍ အလားအလာညွှန်းတမ်း (၈) ခု လက်ခံရရှိခဲ့ပြီး ကုမ္ပဏီ (၄) ခုအား အများပြည်သူသို့ အစုရှယ်ယာများ ကနဦးကမ်းလှမ်းရောင်းချရန် ခွင့်ပြုခဲ့ပါသည်။
- အစုရှယ်ယာရှင် (၁၀၀) ဦးထက်ပိုသော အများနှင့်သက်ဆိုင်သောကုမ္ပဏီများအား နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှုရှိစေရန် ကြီးကြပ်လျက်ရှိရာ ယင်းတို့၏ သတင်းအချက်အလက် ထုတ်ဖော်ကြေညာချက်များ၊ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အလေ့အကျင့်များနှင့် အထူးသဖြင့် အစုရှယ်ယာရှင်များ၏ အခွင့်အရေးများနှင့် ပတ်သက်၍ အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် အစုရှယ်ယာရှင် (၁၀၀) ဦးထက်ပိုသော အများနှင့်သက်ဆိုင်သောကုမ္ပဏီ ၃၉ ခု ရှိခဲ့ပါသည်။



**ဈေးကွက်စုံစမ်းထောက်လှမ်းခြင်းဌာန**

ရင်းနှီးမြှုပ်နှံသူများမှ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအပေါ် သံသယရှိခြင်း (သို့မဟုတ်) ယုံကြည်မှုပျက်ပြားခြင်းတို့သည် ဈေးကွက်အား ထိခိုက်စေနိုင်သောကြောင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများထံသို့ နှစ်စဉ်သွားရောက်စစ်ဆေးခြင်းဖြင့် ရင်းနှီးမြှုပ်နှံသူများ၏ အခွင့်အရေးကို အကာအကွယ်ပေးရန်နှင့် လုံခြုံစိတ်ချမှုရှိစေရန် ဆောင်ရွက်လျက်ရှိပါသည်။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှတင်ပြသည့် လက်ရှိအသုံးပြုနေသည့် စာရွက်စာတမ်းများ၊မူဝါဒရေးရာများနှင့် ကိန်းဂဏန်းအချက်အလက်များအပေါ် သုံးသပ်စစ်ဆေးခြင်းနှင့် လုပ်ငန်းခွင်အတွင်း လက်တွေ့ဆောင်ရွက်ချက်များအား အကဲဖြတ်ခြင်းတို့ ဆောင်ရွက်ပြီး အပြီးသတ်စစ်ဆေးတွေ့ရှိချက်များကို အစီရင်ခံစာတွင် စုပေါင်းထည့်သွင်းလျက် ကော်မရှင်၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် အကြောင်းကြားပါသည်။ ယခင်နှစ်စစ်ဆေးမှုတွင် လိုက်နာရန် လိုအပ်လျက်ရှိသည့် ကိစ္စရပ် (၁၆) ခုတို့အား ဖော်ထုတ်နိုင်ခဲ့ပြီး ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ (၂) ခု တို့အား ဒဏ်ကြေးငွေကျပ် (၅.၅) သန်း ပေးဆောင်စေခဲ့ပါသည်။

၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာနှစ်အတွင်း ကုမ္ပဏီအချို့သည် လုပ်ငန်းလိုင်စင်မရှိဘဲ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခြင်း၊ အပ်ငွေများ လက်ခံခြင်းတို့ ဆောင်ရွက်ခဲ့သဖြင့် ရင်းနှီးမြှုပ်နှံသူ ထောင်ပေါင်းများစွာတို့၏ ရင်းနှီးငွေများဆုံးရှုံးခဲ့ပါသည်။ ကော်မရှင်သည် ဈေးကွက်

စုံစမ်းထောက်လှမ်းခြင်း လုပ်ငန်းဆောင်ရွက်ရာ၌ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမရှိသည့် ကိစ္စရပ် (၅) ခုကို ဖော်ထုတ်ဖြေရှင်းနိုင်ခဲ့ပါသည်။

သို့ပါ၍ ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးနိုင်ရန်အတွက် ကော်မရှင်သည် –

- ဈေးကွက်အား ထိရောက်စွာထိန်းကျောင်းနိုင်ရန်အတွက် ကျွမ်းကျင်သူများနှင့် လူ့စွမ်းအားအရင်းအမြစ် တောင့်တင်း ခိုင်မာစေရန် အားဖြည့်ဆောင်ရွက်ခြင်း၊
- အခြားသောအစိုးရဌာန အဖွဲ့အစည်းများဖြစ်သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေရေးကြေးရေးစုံစမ်းထောက်လှမ်းရေး အဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာနတို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊
- အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများနှင့် အများပြည်သူအကျိုးငှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်ဆက်နွယ်သော ဆုံးရှုံးနိုင်မှုများနှင့်သက်ဆိုင်သည့် အသိပညာပေးအခမ်းအနားများ၊ ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခြင်း။

ဈေးကွက်စည်းမျဉ်းစည်းကမ်းထိန်းကျောင်းသူအနေဖြင့် ကော်မရှင်သည် ရန်ကုန်စတော့အိပ်ချိန်း လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ကွပ်ကဲခြင်း၊ အထူးသဖြင့် ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီအရေအတွက် တိုးပွားလာစေရေး လုပ်ငန်းတိုးတက်မှု အခြေအနေအား ကော်မရှင်အဖွဲ့ဝင်များထံ ပုံမှန်အသိပေးစေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၆ ခုနှစ် မှ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ အစုရှယ်ယာပေါင်း ၇,၆၄၁,၄၇၁ အရောင်းအဝယ်ဖြစ်ခဲ့ပြီး တန်ဖိုးအား ဖြင့် ကျပ် (၁၀၅) ဘီလီယံဖြင့် ရန်ကုန်စတော့အိပ်ချိန်း၏ ရောင်းဝယ်မှုများကို အောက်ပါဇယားဖြင့် အကျဉ်းချုပ်ဖော်ပြအပ်ပါသည်။[6]

| | ၂၀၁၈ | ၂၀၁၇ | ၂၀၁၆ |
|---|---|---|---|
| **စာရင်းဝင်ကုမ္ပဏီအရေအတွက်** | ၅ | ၄ | ၃ |
| **ဈေးကွက်ရင်းနှီးငွေတန်ဖိုး(မြန်မာကျပ်ဘီလီယံ)** | ၅၅၅ | ၅၇၉ | ၅၈၄ |
| **အရောင်းအဝယ်ဖြစ်မြောက်သည့်တန်ဖိုး(မြန်မာကျပ်ဘီလီယံ)** | ၁၂ | ၂၂ | ၇၁ |

## ၃။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများ


စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အဖွဲ့အစည်းတစ်ခုအနေဖြင့် ကော်မရှင်ရုံးမှဝန်ထမ်းများအားလုံးသည် အောက်ပါစည်းမျဉ်း စည်းကမ်းများကို လိုက်နာကျင့်သုံးရပါသည်–

- ဝန်ထမ်းများခန့်အပ်ခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ သတ်မှတ်ပြဋ္ဌာန်းချက်များ၊
- ဝန်ထမ်းကျင့်ဝတ် (အသေးစိတ် အချက်အလက်များကို စာမျက်နှာ (၁၈) တွင် ဖော်ပြထားပါသည်)။

[6] ကိန်းဂဏာန်းများကို YSX website တွင်ဖော်ပြထားသည်။https://ysx-mm.com/mktdata/market-summary/

## လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု


ကော်မရှင်သည် အချိန်တိုအတွင်း ဝန်ထမ်းများ တိုးချဲ့ခန့်ထားခဲ့ပါသည်။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး ဖွဲ့စည်းတည်ထောင်ခဲ့သည့် ၂၀၁၄ ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် ဝန်ထမ်း ၁၅ ဦးဖြင့် စတင်ခဲ့သော်လည်း ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ် အထိ (၄) နှစ် အတွင်းတွင် ဝန်ထမ်းဦးရေ (၃) ဆအထိ တိုးမြှင့်ခန့်အပ်နိုင်ခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့် စက်တင်ဘာလတွင် ဝန်ထမ်းဦးရေမှာ (၆၇) ဦးထိ ရှိလာခဲ့ပါသည်။




သို့ရာတွင် သက်တမ်းနုနယ်သေးသည့် အဖွဲ့အစည်းတစ်ခုအတွက် ဝန်ထမ်းအင်အား တိုးချဲ့ခန့်အပ်မှုမှာ စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါသည်။ ရုံးအဖွဲ့ ဖွဲ့စည်းမှုနှင့်စပ်လျဉ်း၍-

- စုစုပေါင်းဝန်ထမ်းဦးရေ၏ (၇၆) ရာခိုင်နှုန်းသည် အမျိုးသမီးဝန်ထမ်း၊
- (၆၆) ရာခိုင်နှုန်းသည် အသက် (၃၆) နှစ်အောက် ဝန်ထမ်းများ ဖြစ်ပါသည်။






ကော်မရှင်ရုံးတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများသည် သတ်မှတ်ထားသော အရည်အချင်းနှင့်ကိုက်ညီသည့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများ လိုအပ်ပါ သည်။ ကော်မရှင်ရုံး စတင်ဖွဲ့စည်းချိန်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဝန်ကြီးဌာနလက်အောက်ရှိ ဌာနများမှ သင့်လျော်သည့် ဝန်ထမ်းများအား တိုက်ရိုက်ရွေးချယ်ခန့်အပ်ပေးခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် ဝန်ထမ်း (၂၆) ဦးအထိ ဖြည့်တင်းခန့်အပ်ခဲ့ပါသည်။

ကော်မရှင်သည် ဝန်ထမ်းများအား စွမ်းဆောင်ရည် မြင့်မားလာစေရန်နှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ပိုမိုအားကောင်းစေရန် တွန်းအားပေး ဆောင်ရွက်ခဲ့ပါသည်။

Turnover rate သည် မြင့်တက်လျှက်ရှိသည်။ စတင်ဖွဲ့စည်းသည့် (၂) နှစ် အတွင်း turnover rate မရှိခဲ့သော်လည်း (၂၀၁၇-၂၀၁၈) ခုနှစ်တွင် (၂) ရာခိုင်နှုန်းနှင့် (၂၀၁၈) ခုနှစ် စက်တင်ဘာလအထိတွင် (၃) ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့သည်။ ကော်မရှင် စတင်တည်ထောင်ပြီး (၂) နှစ်အတွင်း ဝန်ထမ်းများ၏ ခွင့်ခံစားမှုနှုန်းမှာ (၃) ရာခိုင်နှုန်းသာရှိခဲ့ပြီး ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်ဆုံးချိန်တွင် ခွင့်ခံစားမှုမှာ (၈) ရာခိုင်နှုန်း ဖြစ်လာပါသည်။


ကော်မရှင်ရုံးဝန်ထမ်းများအနေဖြင့် ကော်မရှင်အဖွဲ့ဝင်များအား တင်ပြလိုသည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ တင်ပြဆွေးနွေးနိုင်ပါသည်။ လုပ်ငန်းခွင်အခြေအနေနှင့်စပ်လျဉ်း၍ ယခင်နှစ်အတွင်း မတော်တဆဖြစ်မှု တစ်စုံတစ်ရာ မရှိခဲ့ပါ။

## စွမ်းဆောင်ရည် မြင့်မားရေး

မြန်မာနိုင်ငံတွင် အရင်းအနှီးဈေးကွက်သည် လုပ်ငန်းသစ်ဖြစ်သည့်အတွက် ကော်မရှင်၏ မျှော်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် အတွေ့အကြုံရှိသူများ လိုအပ်သော်လည်း ရှာဖွေခန့်ထားရန်မှာ အခက်အခဲရှိပါသည်။ ကော်မရှင်ရုံးသည် သက်တမ်းနုအဖွဲ့အစည်းတစ်ခု ဖြစ်သောကြောင့် ဝန်ထမ်းများ လုပ်ငန်းတာဝန်ကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ရည်ကိုင်ရည်ရှိသူတို့အား ရာထူးများတိုးမြှင့်ခန့်ထားခြင်းနည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကျွမ်းကျင်ဝန်ထမ်း စုစုပေါင်း (၃၂) ဦးကို ရာထူးတိုးမြှင့်ပေးခဲ့ပါသည်။


ကော်မရှင်ရုံးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်း (၉၃) ရာခိုင်နှုန်းသည် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူများဖြစ်ပြီး (၃၀) ရာခိုင်နှုန်းကျော်မှာ မဟာဘွဲ့ရရှိပြီးသူများ ဖြစ်ကြပါသည်။ ဝန်ထမ်းများ၏ အသိပညာဗဟုသုတများနှင့် အရည်အသွေးများကို မြှင့်တင်ပေးရန်မှာ အရေးကြီးဆုံး လိုအပ်ချက်တစ်ခုဖြစ်ပါ၍ ကော်မရှင်၏ ဦးစားပေးအစီအစဉ်တစ်ခုအဖြစ် ဆောင်ရွက်ပေးလျက်ရှိပါသည်။

သို့ဖြစ်ရာ ၂၀၁၅ ခုနှစ်မှစတင်၍ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များတွင် သင်တန်းများ ပို့ချပေးခြင်းသည် နည်းလမ်းတစ်ခုအဖြစ် ပါဝင်ပါသည်။ ယင်းကြောင့် အရင်းအနှီးဈေးကွက်ဆိုင်ရာ အသိပညာနှင့် စွမ်းဆောင်ရည်တိုးမြှင့်ရန်အတွက် နာရီပေါင်း (၁၆,၀၀၀) ကျော် သင်တန်းများ တက်ရောက်စေခဲ့ပါသည်။ သင်တန်းများ၏ (၆၈) ရာခိုင်နှုန်းသည် ကော်မရှင်၏ ရည်မှန်းချက်ကို တိုက်ရိုက် အကောင်အထည်ဖော်ပေးနိုင်သည့် သင်တန်းများ ဖြစ်ပါသည်။



ကော်မရှင်နှင့် အတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှလည်း ဝန်ထမ်းများ၏ စွမ်းဆောင်ရည် တိုးမြှင့်လာနိုင်စေရေး အစီအစဉ်များကို ကူညီထောက်ပံ့ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဝန်ထမ်းများ တက်ရောက်လျက်ရှိသော သင်တန်းများ၏ (၉၈) ရာခိုင်နှုန်းသည် မိတ်ဖက်အဖွဲ့အစည်းများမှ ပံ့ပိုးပေးခြင်းဖြစ်ပါသည်။ ဝန်ထမ်း (၄၉) ဦးအား နိုင်ငံခြားသို့ စေလွှတ်၍ သင်တန်းများ တက်ရောက်စေခဲ့ပါသည်။ ယင်းအနက်မှ (၇၃) ရာခိုင်နှုန်းကို အရင်းအနှီးဈေးကွက်နှင့် ပတ်သက်၍ ပိုမိုကျွမ်းကျင်စေရန် ဂျပန်နိုင်ငံတွင် သင်တန်းတက်ရောက်စေခဲ့ပါ သည်။ ၂၀၁၈ ခုနှစ် အတွင်း ဝန်ထမ်း (၁၃) ဦးအား အိန္ဒိယ၊ ဂျပန်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံများသို့ သင်တန်းစေလွှတ်ခဲ့ပါသည်။

၂၀၁၇–၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ကော်မရှင်ရုံး ဝန်ထမ်းများအား တစ်ဦးလျှင် ပျမ်းမျှ (၅၇) နာရီ သင်တန်း တက်ရောက်စေခဲ့ပါသည်။ ကော်မရှင်၏ လုပ်ငန်းဆောင်တာများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန် ကိန်းဂဏန်းအချက်အလက်များ ခွဲခြမ်းစိတ်ဖြာခြင်း၊ စာရင်းပညာရပ်နှင့် ဥပဒေရေးရာကဏ္ဍများကဲ့သို့သော နယ်ပယ်သစ်များတွင် သင်တန်းများ တက်ရောက်စေရန် လိုအပ်လျက်ရှိပါသည်။






# အစီရင်ခံခြင်း

## ၁။ လေ့လာမှုနယ်ပယ်နှင့် ဆောင်ရွက်မှုနည်းလမ်း

ဤအစီရင်ခံစာအား ကော်မရှင်ဥက္ကဋ္ဌ၏ လမ်းညွှန်မှု၊ ကော်မရှင်အဖွဲ့ဝင်များ၏ ကြီးကြပ်ကွပ်ကဲမှုတို့ဖြင့် ပြုစုခဲ့ခြင်းဖြစ်ပြီး သတင်းအချက်အလက်များ ကောက်ယူစုဆောင်းရာတွင် အစီရင်ခံစာထုတ်ပြန်ရေးလုပ်ငန်းအဖွဲ့မှ ဆောင်ရွက်ခဲ့ပါသည်။ ကော်မရှင်၏ ပထမဆုံး နှစ်ပတ်လည်အစီရင်ခံစာ ထုတ်ဝေရန်အတွက် မြန်မာနိုင်ငံတွင် အကြံပေးလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် Yever ကုမ္ပဏီ၏ ကျွမ်းကျင်ပညာရှင်များမှ ကူညီပံ့ပိုးပေးခဲ့ပါသည်။

ဤအစီရင်ခံစာသည် အောက်ဖော်ပြပါ ဘဏ္ဍာရေးနှစ်များ ပါဝင်ပါသည်–


- ၂၀၁၅–၂၀၁၆ ဘဏ္ဍာရေးနှစ် (ဧပြီ/၂၀၁၅ မှ  မတ်/၂၀၁၆ ထိ)
- ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ် (ဧပြီ/၂၀၁၆ မှ မတ်/၂၀၁၇ ထိ)
- ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ် (ဧပြီ/၂၀၁၇ မှ  မတ်/၂၀၁၈ ထိ)
- ၂၀၁၈ ဘဏ္ဍာရေးနှစ် ( ဧပြီ/၂၀၁၈ မှ စက်တင်ဘာ/၂၀၁၈ ထိ)

ကော်မရှင်ရုံးသည် လုပ်ငန်းများအား အမှတ် ၂၁–၂၅၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့ တွင် ဆောင်ရွက်လျက်ရှိပါသည်။
ဘဏ္ဍာရေးနှင့်မသက်ဆိုင်သော အစီရင်ခံချက်များအား နိုင်ငံတကာအစီရင်ခံစာရေးသားနည်းစံနှုန်းများနှင့်အညီ ပြုစုထားပါသည်။

## ၂။ ရသုံးခန့်မှန်းခြေငွေစာရင်း

၂၀၁၈ခုနှစ် ဧပြီလမှ စက်တင်ဘာလ အထိ ကော်မရှင်ရုံး၏ အသုံးစရိတ်မှာ ကျပ် **၂၄၂. ၃၆၃** သန်း ဖြစ်ပါသည်။ ရသုံးခန့်မှန်းခြေငွေစာရင်း ခွဲဝေချထားမှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

- လုပ်ခလစာ ၄၉ %
- ရုံးအသုံးစရိတ် ၃၇ %
- ပြင်ဆင်ထိန်းသိမ်းစရိတ် ၃%
- ငွေလုံးငွေရင်းအသုံးစရိတ် ၁၁%



## ၃။ ဈေးကွက်

| လုပ်ငန်းဆောင်ရွက်မှု ညွှန်ကိန်းများ | ရေတွက်ပုံ | ၂၀၁၈ ဧပြီ–စက်တင်ဘာ | ၂၀၁၇–၁၈ ဘဏ္ဍာရေးနှစ် | ၂၀၁၆–၁၇ ဘဏ္ဍာရေးနှစ် | ၂၀၁၅–၁၆ ဘဏ္ဍာရေးနှစ် | နိုင်ငံတကာ အစီရင်ခံစာ စံနှုန်း |
|---|---|---|---|---|---|---|
| ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ | ခု | ၆ | ၆ | ၆ | ၅ | ၁၀၂ |
| စာရင်းဝင်ကုမ္ပဏီ | ခု | ၅ | ၅ | ၄ | ၁ | ၁၀၂ |
| အများနှင့်သက်ဆိုင်သော ကုမ္ပဏီ (အစုရှယ်ယာရှင်ဦးရေ အနည်းဆုံး (၁၀၀) ဦး ရှိရမည်) | ခု | ၃၉ | ၃၂ | ၃၂ | ၃၂ | ၁၀၂ |
| အရေးယူခဲ့သည့် ကုမ္ပဏီ | ခု | | ၁ | ၁ | | ၁၀၂ |
| တိုင်ကြားချက်များ | ကြိမ် | | ၆ | | | ၁၀၂ |
| စစ်ဆေးမှုများ (ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများ) | ခု | | ၆ | ၆ | | ၁၀၂ |
| ဒဏ်ကြေးများ | မြန်မာကျပ် (သန်း) | | ၀.၅ | ၅ | | ၁၀၂ |
| ကော်မရှင်မှ ကြီးမှူးကျင်းပခဲ့ သည့် အခမ်းအနား | ကြိမ် | ၉ | ၆ | ၂ | ၃ | ၁၀၂ |
| မိတ်ဖက်နိုင်ငံများနှင့် လက်မှတ် ရေးထိုးခဲ့သည့်အကြိမ် | ကြိမ် | ၆ | ၄ | ၂ | ၁ | ၁၀၂ |

## ၄။ လူ့စွမ်းအားအရင်းအမြစ်

| လုပ်ငန်ဆောင်ရွက်မှု ညွှန်ကိန်းများ | ရေတွက်ပုံ | ၂၀၁၈ ဧပြီ–စက်တင်ဘာ | ၂၀၁၇–၁၈ ဘဏ္ဍာရေးနှစ် | ၂၀၁၆–၁၇ ဘဏ္ဍာရေးနှစ် | ၂၀၁၅–၁၆ ဘဏ္ဍာရေးနှစ် | နိုင်ငံတကာ အစီရင်ခံစာ စံနှုန်း |
|---|---|---|---|---|---|---|
| ဝန်ထမ်းဦးရေ | ဦး | ၆၇ | ၆၅ | ၄၆ | ၂၄ | ၁၀၂ |
| အမျိုးသမီး | ဦး | ၅၁ | ၅၀ | ၃၅ | ၁၉ | ၁၀၂ |
| အမျိုးသား | ဦး | ၁၆ | ၁၅ | ၁၁ | ၅ | ၁၀၂ |
| အသက်အရွယ်အပိုင်းအခြား | | | | | | |
| ၂၀ – ၃၅ | ဦး | ၄၄ | ၄၅ | ၂၃ | ၈ | ၁၀၂ |
| ၃၆ – ၄၀ | ဦး | ၇ | ၅ | ၈ | ၅ | ၁၀၂ |
| ၄၁ – ၅၀ | ဦး | ၈ | ၈ | ၁၀ | ၈ | ၁၀၂ |
| ၅၁ – ၆၀ | ဦး | ၈ | ၇ | ၅ | ၃ | ၁၀၂ |

| လုပ်ငန်းဆောင်ရွက်မှု ညွှန်ကိန်းများ | ရေတွက်ပုံ | ၂၀၁၈ ဧပြီ–စက်တင်ဘာ | ၂၀၁၇–၁၈ ဘဏ္ဍာရေးနှစ် | ၂၀၁၆–၁၇ ဘဏ္ဍာရေးနှစ် | ၂၀၁၅–၁၆ ဘဏ္ဍာရေးနှစ် | နိုင်ငံတကာ အစီရင်ခံစာ စံနှုန်း |
|---|---|---|---|---|---|---|
| ရာထူးအဆင့် | | | | | | |
| ညွှန်ကြားရေးမှူး | ဦး | ၃ | ၃ | ၂ | ၁ | ၁၀၂ |
| အရာထမ်း | ဦး | ၃၉ | ၃၉ | ၂၄ | ၁၆ | ၁၀၂ |
| အမှုထမ်း | ဦး | ၂၅ | ၂၃ | ၂၀ | ၇ | ၁၀၂ |
| အသစ်ခန့်အပ်သည့်ဝန်ထမ်း | ဦး | ၁ | ၂၂ | ၃ | - | ၄၀၁ |
| အမျိုးသမီးဝန်ထမ်းပါဝင်မှု | ရာခိုင်နှုန်း | ၁၀၀% | ၇၇% | ၆၇% | ၀% | ၄၀၅ |
| ရာထူးတိုးမြှင့်ခဲ့သည့် ဝန်ထမ်း | ဦး | ၈ | ၁၀ | ၈ | ၆ | ၄၀၄ |
| အမျိုးသမီးဝန်ထမ်းပါဝင်မှု | ရာခိုင်နှုန်း | ၇၅% | ၈၀% | ၆၃% | ၁၀၀% | ၄၀၅ |
| နှုတ်ထွက်မှုနှင့် ပင်စင်ယူသည့် ဝန်ထမ်း | ဦး | ၁ | ၂ | - | - | ၄၀၁ |
| ဝန်ထမ်း အဝင်/ အထွက် နှုန်း | ရာခိုင်နှုန်း | ၂% | ၄% | - | - | ၄၀၁ |
| ခွင့်ခံစားမှုနှုန်း | ရာခိုင်နှုန်း | ၇% | ၇% | ၃% | ၃% | ၄၀၃ |
| သင်တန်းပေးခဲ့သည့်အချိန် | နာရီ | ၂၂၇ | ၃၆၇၅ | ၈၈၀၀ | ၁၃၀၄ | ၄၀၄ |
| ဝန်ထမ်းတစ်ဦးအား ပျမ်းမျှ သင်တန်းပေးခဲ့သည့် အချိန်များ | နာရီ | ၃၃ | ၅၇ | ၈၃ | ၅၄ | ၄၀၄ |
| လုပ်ငန်းခွင် မတော်တဆဖြစ်မှုများ | ကြိမ် | - | - | - | - | ၄၀၃ |
| ဝန်ထမ်းကျင့်ဝတ် ဖောက်ဖျက်မှုများ | ကြိမ် | - | - | - | - | ၂၀၅ |